Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများအား တနိုင်ငံလုံးအပစ်ရပ်စာချုပ်နှင့် ဆက်စပ်လျက် လူ့အခွင့်အရေးနှင့် ဥပဒေစိုးမိုးရေးရှုဒေါင့်များမှ သုံးသပ်ထုတ်ပြန်ချက်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ဖြစ်သော DKBA ကတဘက် နှင့် မြန်မာစစ်တပ် နှင့် ၎င်း၏ လက်အောက်ခံ ဖြစ်သော ကရင်နယ်ခြားစောင့်တပ် (BGF) အဖွဲ့ တို့ ကတဘက် ၂၀၁၆ ခုနှစ် စက်တင်ဘာလဒုတိယအပတ်မှ စတင်၍ တိုက်ပွဲများ ပြန်လည် ဖြစ်ပေါ်လာခဲ့သည်။ ယင်းမှာ တနိုင်လုံးအပစ်ရပ်စာချုပ် NCA ကို ကမကထပြု ဖေါ်ဆောင်ခဲ့သည့် မြန်မာစစ်တပ်၏ စစ်ခေါင်းဆောင်များနှင့် အစိုးရ တို့ အပေါ် တိုင်းရင်းသားပေါင်းစုံလူထုများက ယုံကြည်မှု ကင်းမဲ့စေပါသည်။

ထိုသို့ပစ်ခတ်တိုက်ခိုက်မှု ပြန်လည် ဖြစ်ပွားခဲ့သည့် အကြောင်းရင်းသည် မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးရေး အခြေခံကင်းမဲ့ခြင်းကြောင့်လည်းကောင်း၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့ တို့ အကြား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၅) ရက်နေ့တွင် ချုပ်ဆိုခဲ့သော ချုပ်ဆိုခဲ့သော တနိုင်ငံလုံးအပစ်ရပ် စာချုပ် NCA ၏ မပြည့်စုံမှု၊ အားနည်းချက်နှင့် လိုအပ်ချက်များတို့ ကြောင့်လည်းကောင်း ဖြစ်သည်။

ဥပဒေစိုးမိုးရေးကင်းမဲ့သည့်နောက်ခံနှင့် လတ်တလော အခြေအနေများမှာအောက်ပါအတိုင်းဖြစ်သည်။

(က) မြန်မာစစ်တပ် နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအပါအဝင် တနိုင်ငံလုံးရှိ လက်နက်ကိုင်အဖွဲ့ အစည်းများအားလုံး တခုတည်းသော ဥပဒေစိုးမိုးမှုဘောင် (Legal Framework) အတွင်းသို့ ရောက်ရှိစေရန် ဥပဒေကြောင်းအရ စီစဉ်ဆောင်ရွက်သည့် လုပ်ငန်းစဉ် လုံးဝကင်းမဲ့လျက်ရှိခြင်း။

(ခ) NCA ကိုလက်မှတ်ရေးထိုးပြီးနောက်တွင် လက်နက်ကိုင်တပ်ဖွဲ့ များတည်ထောင်ထားသည့် တိုင်းရင်းသားအဖွဲ့ အစည်းများအား မတရားအသင်း အဖြစ်မှပယ်ဖျက်ခဲ့သော်လည်း ၎င်းအဖွဲ့ အစည်းများနှင့် ၎င်းတို့ ၏ လက်နက်ကိုင်တပ်များအား တရားဝင်ရပ်တည်ခွင့်ရအောင် လုပ်ဆောင်မပေးခြင်း။

(ဂ) တနိုင်ငံလုံး အပစ်ရပ်စာချုပ်အား လက်မှတ်ရေးထိုးသည် ဖြစ်စေ၊ မထိုးသည်ဖြစ်စေ၊ မြန်မာစစ်တပ် စစ်ခေါင်းဆောင်များ၏ လက်သပ်မွေးခြင်း ခံရသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းခေါင်းဆောင်များ နှင့် ၄င်းတို့ ၏ တပ်များအား လုပ်ပိုင်ခွင့် များ ပေးအပ်ခြင်း၊ အခွန်ကောက်ခွင့်ပြုခြင်း၊ စီးပွားရေးလုပ်ငန်းလိုင်စင် များချပေးခြင်းတို့ လုပ်ဆောင်သော်လည်း ၄င်းတို့ ၏ လက်သပ်မွေးမခံသော တိုင်းရင်းသား အဖွဲ့ အစည်း ခေါင်းဆောင်များနှင့် တပ်များအား လျှစ်လျူရှုထားသည့် အပြင် မြန်မာစစ်တပ် စစ်ခေါင်းဆောင်များက ပြဿနာရှာခြင်း။

(ဃ) မတူညီသည့် လက်နက်ကိုင်အဖွဲ့ အစည်းနှစ်ခုအကြားပဋိပက္ခဖြစ်လာပါက လက်ရှိတိုင်းပြည်အာဏာကို ထိန်းချုပ်ထားသော မြန်မာစစ်တပ်အနေဖြင့် အလည်မှရပ်ကာ ဘက်မလိုက်ဘဲ ဥပဒေကြောင်းနှင့် အညီ ထိန်းကြောင်းရမည့် အစား ၄င်းတို့ လက်သပ်မွေးခြင်းကိုခံယူသည့် အင်အားစုဘက်မှ ရပ်ကာ အခြားဘက် တဘက်က အင်အားစုကို အကြမ်းဘက် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း။

(င) ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် နယ်စပ်ဝန်ကြီးတာဝန်ယူထားကြသော မြန်မာစစ်တပ် စစ်ခေါင်းဆောင်များ၊ စစ်အာဏာပိုင်များသည် တိုက်ပွဲများဖြစ်ပွားနေစဉ်အတွင်း ဂျီနီဗာ ကွန်ဗင်းရှင်း နှင့် အခြားတည်ဆဲ ပြည်တွင်း ဥပဒေများနှင့်အညီ လူထုကို ကာကွယ်စောင့်ရှောက်ရမည့် အစား ဒေသဆိုင်ရာ ကရင်လူထုများ အသက်ဘေးမှ လွတ်အောင် အပြေးအလွှား ပုန်းရှောင်နေကြရ၊ အတိဒုက္ခရောက်နေကြရ သည်ကို လုံးဝပင် ဥပက္ခာပြုလျှက်ရှိခြင်း။

ယခုတိုက်ပွဲများပြန်လည်ဖြစ်ပေါ်စေခြင်းကို မဟန့် တားနိုင်ခြင်းမှာ တနိုင်ငံလုံးအပစ်ရပ် စာချုပ် NCA ၏ မပြည့်စုံမှု၊ အားနည်းချက်နှင့် လိုအပ်ချက်များတို့ ကြောင့်ဖြစ်သည်။ ယင်းတွင် နှစ်ပိုင်းရှိသည်။ တပိုင်းမှာ ပြဋ္ဌာန်း ချက်များကို မလိုက်နာခြင်း နှင့် ယင်းသို့ မလိုက်နာ ချိုးဖေါက်မှုများရှိပါက (အင်ဒိုနီးရှားနိုင်တွင် ဖွဲ့ စည်းခဲ့သည့် အကြပ်အတည်းစီမံခန့် ခွဲရေးအဖွဲ့ Crisis Management Board ကဲ့သို့ ) နိုင်ငံတကာမှ ကြားအင်အားစု ပါဝင် ကြီးကြပ်မှုကို စာချုပ်မှာပင် ထည့်သွင်းချုပ်ဆိုမထားခြင်းတို့ ကြောင့်ဖြစ်သည်။

၁။ ယင်းစာချုပ် "**အခန်း(၃) မှ အပိုဒ် (၅) အောက်ပါတို့ အား မြန်မာစစ်တပ်က ချိုးဖေါက်ကြောင်း တွေ့ ရသည်။**

ပုဒ်မခွဲ (က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား နယ်မြေစိုးမိုးမှုတပ်လှုပ် ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်း ဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တဖက်နှင့်တဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ။

(ဋ) နစ်ဖက်အောက်ခြေအဆင့်တွင်ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်းအားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရ။

မြန်မာစစ်တပ်က ယင်းသို့ မလိုက်နာ ချိုးဖေါက်မှုများရှိသော်လည်း အရေးယူမှု ယန္တရားမရှိခဲ့ပါ။ သို့ဖြစ်၍ တနိုင်ငံလုံးအပစ်ရပ်စာချုပ်ဟူသည်မှာ စာရွက်ပေါ်မှာသာ အခွင့်အာဏာရှိသော စာချုပ်၊ လက်တွေ့အကျိုးသက်ရောက်မှု ကင်းမဲ့သော စာချုပ်၊ လူ့အခွင့်အရေးအခြေခံမှနေ၍ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်မှု မပေးနိုင်သည့် စာချုပ် ဖြစ်နေသည်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ဟုဆိုသော်လည်း ယင်းစာချုပ်သည် ကရင်လက်နက်ကိုင် အဖွဲ့အစည်းသုံးဖွဲ့လက်မှတ်ရေးထိုးထားသော ကရင်ပြည်နယ်တခုတည်းအတွင်းမှာပင် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲအောင် မလုပ်ဆောင်နိုင်ခြေ။

## တောင်းဆိုချက်

ဥပဒေအထောက်အကူပြုကွန်ရက် အနေဖြင့် အောက်ပါအတိုင်းတောင်းဆိုလိုက်သည်။

(၁) ၂၀၁၅ ခုနှစ်အောက်တိုဘာလ (၁၅) ရက်နေ့တွင် ချုပ်ဆိုခဲ့သော တနိုင်ငံလုံးအပစ်ရပ်စာချုပ်ဟူသော ခေါင်းစဉ်နှင့်အညီ ဥပဒေကြောင်းအရအာနိသင်ရှိစေရန် ကရင်ပြည်နယ်အတွင်းတွင်သာမက တနိုင်ငံလုံးတွင် မြန်မာစစ်တပ်က ဦးဆောင် (သို့မဟုတ်) ပါဝင်ဆင်နွှဲလျှက်ရှိသော စစ်ပွဲမှန်သမျှအား ချွင်းချက်မရှိ ရပ်ဆိုင်းရန်။

(၂) အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့က တပွင့်၊ နိုင်ငံရေးပါတီများကတပွင့်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများက တပွင့် သုံးပွင့်ဆိုင် နိုင်ငံရေးဆွေးနွေးပွဲကျင်းပ၊ ကျေနပ်ရိုးကျသည့်သဘောတူညီချက်များ ရယူနိုင်အောင်ကြိုးပမ်းကာ လက်ရှိတနိုင်ငံလုံးအပစ်ရပ်စာချုပ်အား အပစ်အခတ်ရပ်စဲရေးပါဝင်သည့် ငြိမ်းချမ်းရေးစာချုပ် (Peace Accord) အနေဖြင့် ပြန်လည် ပြင်ဆင်ချုပ်ဆိုရန်။

(၃) မည်သို့သောအကြောင်းဖြင့်ဆင်နွှဲသော စစ်ပွဲအတွင်းဖြစ်စေကာမူ လူ့အခွင့်အရေးချိုးဖေါက်မှု မှန်သမျှကို ချင်းခြင်းရပ်ဆိုင်းရန်၊ အစိုးရအာဏာပိုင်များက အရပ်သားလူထု၏ လုံခြုံမှုကို အမြန်ဆုံးတာဝန်ယူဆောင်ရွက်ပေးရန်၊ အားနည်းသော အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်များ၊ ခလေးများနှင့် မသန်မစွမ်းသူများကို အထူးဦးစားပေးစောင့်ရှောက်ရန်၊ စစ်ပွဲကြောင့် ဒေသခံတိုင်းရင်းသားလူထုများ၏ ပစ္စည်း၊ ခန္ဓာကိုယ်နှင့် အခွင့်အရေး ဆုံးရှုံးနစ်နာမှုများအတွက် မြန်မာစစ်တပ်က ထိုက်သင့်သော လျော်ကြေးများပေးအပ်ရန်။

(၄) တိုက်ပွဲများအတွင်း ပြည်သူလူထုကို ဆန့်ကျင်ကျူးလွန်သော စစ်ရာဇဝတ်မှု အပါအဝင် လူသားချင်းစာနာထောက်ထားသည့် ဥပဒေ (Geneva Convention) ကို ဆန့်ကျင်ချိုးဖေါက်သည့် ပြစ်မှုကြီးများအား ပြည်တွင်း အရပ်ဘက် တရားရုံးများ တွင် အရေးယူအပြစ်ပေး နိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာဥပဒေ တရပ်ကို ပြဌာန်းခြင်းဖြင့် ဥပဒေစိုးမိုးမှုကို ဖေါ်ဆောင်ရန်။

(၅) ၂၀၀၈ ဖွဲ့စည်းပုံပါ သီးခြားလွတ်လပ်စွာတည်ရှိနေသည့် စစ်ဘက်ဆိုင်ရာခုံရုံး (Courts Martial) ကို ဖျက်သိမ်း၊ တည်ဆဲ ၁၉၅၉ ခုနှစ်တပ်မတော်အက်ဥပဒေနှင့် အညီ တပ်မတော်သားများ ကျူးလွန်သည့် မှုခင်းများနှင့် စပ်လျဉ်း၍ အယူခံစီရင်ပိုင်ခွင့်အာဏာကို အရပ်ဘက် တရားလွှတ်တော် ချုပ်အား ကျင့်သုံးစေခြင်းဖြင့် ဥပဒေစိုးမိုးမှုကို ဖော်ဆောင်ရန်။

## ဥပဒေအထောက်အကူပြုကွန်ရက်

အသေးစိပ်သိလိုလျှင် ဆက်သွယ်ရန်

ဦးအောင်ထူး (လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ)
E.mail:legalaidnetwork@gmail.com
Tel (66) 093 274 5713
Website:legalaidnetwork.org

၂၀၁၆ ခုနှစ် စက်တဘ်ာလ ၁၉ ရက်